**MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.**

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

ရက်စွဲ။ ။ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၂၉)ရက်။

**သတင်းထုတ်ပြန်ချက်**

ကျွန်ုပ်တို့ Myanma Agricultural & General Development Public Co., Ltd. သည် ၂၀၂၄ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့တွင် ရန်ကုန်စတော့အိတ်ချိန်း (YSX)၏ စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်ကုမ္ပဏီ (Registered Company)အဖြစ် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) ၏ ခွင့်ပြုချက် ရရှိပြီး ရန်ကုန်စတော့အိတ်ချိန်း (YSX)၏ စာရင်းဝင်အကြိုဈေးကွက်တွင် ပထမဆုံး မှတ်ပုံတင်ကုမ္ပဏီဖြစ်လာကြောင်း ဝမ်းမြောက်စွာဖြင့် ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့သည် ရင်းနှီးမြှုပ်နှံသူများအား Registration Date (Trading စတင်မည့်ရက်) နှင့် Base Price တို့အတွက်ကို ထပ်မံ ကြေညာပေးသွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) နှင့် ရန်ကုန်စတော့အိတ်ချိန်း (YSX) တို့၏သတ်မှတ်ချက်များနှင့်အညီ စေ့စပ်သော စိစစ်မှုများပြုလုပ်ပြီး ယုံကြည်စိတ်ချစွာဖြင့် စာရင်းဝင်အကြိုဈေးကွက်သို့ မှတ်ပုံတင်ကုမ္ပဏီအဖြစ် ဝင်ခွင့်ပြုခဲ့သည့်အတွက် အစုရှယ်ယာရှင်များ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါသည်။

**ကုမ္ပဏီ သမိုင်းကြောင်း**

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်အား မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ အလုပ်အမှုဆောင်များ အများစုပါဝင်သည့် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များမှ ဦးဆောင်၍ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် စတင်တည်ထောင်ခဲ့ပြီး လက်ရှိအချိန်တွင် ၃၁-၃-၂၀၂၄ နေ့အထိ အစုရှယ်ယာရှင် (၁၀၉) ဦးမှ အစုရှယ်ယာတစ်စုလျှင် (၁၀,၀၀၀)ကျပ်ဖြင့် အစုရှယ်ယာအရေအတွက် (၁,၀၀၆,၀၃၅)ကို ထည့်ဝင်ထားပြီးဖြစ်ပါသည်။

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) သည် သီလဝါအထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီ (Myanmar Thilawa SEZ Holdings Public Company Limited - MTSH) နှင့် Myanmar National Telecom Holdings Public Company Ltd (MNTH) တို့တွင် ကနဦး တည်ထောင်သူ အစုရှယ်ယာရှင် ဒါရိုက်တာတစ်ဦးအနေဖြင့် ပါဝင်ဆောင်ရွက်လျက် ရှိနေပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းနယ်မြေ၊ သီလဝါဆိပ်ကမ်းနယ်မြေ အကွက်အမှတ် (၂၉) အား BOT စနစ်ဖြင့်လယ်ယာထွက်ကုန်နှင့် ဆီထွက်ပစ္စည်းများ တင်/ချ၊ ခေတ်မီဘက်စုံသုံး အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား နှင့် စီးပွားရေးဆိုင်ရာ အဆောက်အဦးများအား တည်ဆောက်၍ ငှားရမ်းခြင်းလုပ်ငန်းတည်ဆောက်ရန်အတွက် ခွင့်ပြုချက်အား မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၄-၃-၂၀၁၆ နေ့တွင် ခွင့်ပြုမိန့်အမှတ် - မနသ - ၁၁၅၃/၂၀၁၆ ဖြင့် ရရှိခဲ့ပြီး လယ်ယာထွက်ကုန်နှင့် ဆီထွက်သီးနှံကုန်ပစ္စည်းများ တင်/ချ၊ ခေတ်မီဘက်စုံသုံး အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား တည်ဆောက်ခြင်းနှင့် စီးပွားရေးဆိုင်ရာ အဆောက်အဦးများ တည်ဆောက်၍ ငှားရမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ဆောင်နေပြီဖြစ်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတရုံး၏ ၂၆-၁-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁၀(၁)/၇/သမ္မတရုံး၏ တည်ဆောက်အကောင်အထည်ဖော်ခွင့်ပြုချက်အရ MAGDPL အား မြန်မာတစ်နိုင်ငံလုံး၏ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ကောက်ပဲသီးနှံနှင့် ဆက်စပ်ကုန်ပစ္စည်းများအား ပြည်တွင်း/ပြည်ပသို့ အာမခံငွေပါရှိသည့် ကြိုတင်ရောင်းဝယ်မှုကို နိုင်ငံတကာ အဆင့်မီ စည်းမျဉ်း စည်းကမ်းများအတိုင်း စနစ်တကျ ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် Myanmar Commodity Exchange လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် အသိအမှတ်ပြုလက်မှတ်အား ၂၄-၃-၂၀၁၆ ရက်နေ့တွင် ရရှိခဲ့ပြီး လုပ်ငန်းများအကောင်အထည်ဖော်ရန်အတွက် စီစဉ်နေပြီ ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

**မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး**

**အများပိုင်ကုမ္ပဏီလီမိတက်**